# ကောင်းမွန်တဲ့ home theater တစ်ခု တည်ဆောက်ရအောင်

ဖျော်ဖြေရေး center တစ်ခုကို အစကနေ တည်ဆောက်မယ်၊ စနစ်အဟောင်းကိုပဲ အသက်ပြန်သွင်းမယ်၊ ဒါမှမဟုတ် ကိုယ်အလုပ်လုပ်မယ့်နေရာမှာပဲ ဖျော်ဖြေရေးလုပ်မယ်ဆိုပါတော့။ ဒီနေရာမှာ ဒေါ်လာ ၁,၀၀၀ လောက်နဲ့ အိမ်တွင်းရုပ်ရှင်ရုံလေးတစ်ခု ဘယ်လိုဆင်နိုင်မလဲဆိုတာ ဖော်ပြပေးထားပါတယ်။



Dell Inspiron Zino HD ၊ Klipsch Pro media 2.1 wireless speaker နဲ့ Logitech Harmony One remote ၊ ဒါမှမဟုတ် Lenovo ရဲ့ NS 901 mini wireless keyboard/ trackball တွေနဲ့ home-theater တစ်ခုဆင်နိုင်ပါတယ်။

Home theater တစ်ခုဆင်ဖို့ဆိုတာ အကုန်အကျများလှပါတယ်။ ကျောင်းသားပဲဖြစ်ဖြစ်၊ gamer ပဲဖြစ်ဖြစ် ငွေကြေးသိပ်မတတ်နိုင်တဲ့ ဖျော်ဖြေရေးစိတ်ဝင်စားသူပဲ ဖြစ်ဖြစ် home theater တစ်ခုကို ဒေါ်လာ ၁,၀၀၀ လောက်နဲ့ ဘယ်လိုဆင်နိုင်မလဲဆိုတာကို ဖော်ပြပေးချင်ပါတယ်။

## ရည်ရွယ်ချက်တွေအားလုံး ပြည့်ဝစေဖို့

Built-in speaker ပါတဲ့ HDTV အဟောင်းတစ်လုံး၊ gaming console နဲ့ cable တွေရှိတဲ့ အခြေခံ home theater တစ်ခု ရှိပြီးသားဆိုကြပါစို့။ High-end HDTV အသစ်တစ်လုံးဝယ်မယ့်အစား ကိုယ့် TV အဟောင်းမှာပဲ add-on နဲ့ accessory တွေ ထပ်ဝယ်ထည့်ပြီး ရင်းနှီးမြှုပ်နှံလိုက်ပါ။

ကိုယ့်ရဲ့ မွမ်းမံထားတဲ့ home theater စနစ်အသစ်အတွက် အခြေခံပစ္စည်းကတော့ Dell Inspiron Zino HD ပါပဲ။ ဒါက ကိုယ့်ရဲ့ HDTV ကို HDMI၊ ဒါမှမဟုတ် VGA စနစ်နဲ့ ချိတ်ဆက်ပေးနိုင်တဲ့ mini PC ဖြစ်ပါတယ်။ ကိုယ့် HDTV က composite video တွေကိုပဲ လက်ခံတယ်ဆိုရင်တော့ converter box တစ်ခုကို ဝယ်ယူဖို့ လိုအပ်ပါလိမ့်မယ်။

ကိုယ်ရွေးချယ်တဲ့ Zino HD configuration ပေါ်မူတည်ပြီး ဒေါ်လာ ၂၇၀ ကနေပြီးတော့ ဒေါ်လာ ၆၀၀ အထိ ကုန်ကျနိုင်ပါတယ်။ အခုတော့ ဒေါ်လာ ၅၂၀ တန် configuration နဲ့ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီ PC မှာ 64-bit Windows 7 တင်ထားပြီး 1.5 GHz dual core Athlon X2 processor နဲ့ 4GB RAM တပ်ဆင်ထားကာ 640 GB hard drive ထည့်သွင်းပေးထားပါတယ်။ အပိုအနေနဲ့ optical drive ကနေ bluray combo unit ကို upgrade လုပ်ဖို့ ဒေါ်လာ ၁၀၀ ကုန်ပါမယ်။

အခု အပိုပစ္စည်းတွေ ထပ်ထည့်ကြည့်ကြပါမယ်။ ကြိုးတွေ ရှုပ်ပွမနေရအောင် Klipsch ProMedia 2.1 (ဒေါ်လာ ၂၇၀) လိုမျိုး ကြိုးမဲ့ speaker တစ်စုံ ဝယ်ယူရပါမယ်။ Keyboard နဲ့ mouse တွေကို ညှိခန်းမှာ ထားတာက အရုပ်ဆိုးစေတယ်လို့ထင်ရင် သင့်တော်တဲ့ input device ကို ရွေးချယ်နိုင်ပါတယ်။ သမားရိုးကျ TV remote မျိုးကိုပဲ နှစ်သက်တယ်ဆိုရင်တော့ Logitech Harmony One (၁၇၅ ဒေါ်လာ)ကို စမ်းကြည့်ပါ။ Keyboard ပုံစံမျိုးကိုပဲ ပိုနှစ်သက်တယ်ဆိုရင် Lenovo N5901 mini wireless keyboard / trackball (ဒေါ်လာ ၅၀) ကို အသုံးပြုနိုင်ပါတယ်။

နောက်ဆုံး CalMAN HTPC Pattern Generator ကို အခမဲ့ download လုပ်ပြီး ကောင်းမွန်တဲ့ calibration ကို ဘယ်လိုလုပ်ရမလဲဆိုတဲ့ find.pcworldcom/70983 က ဆောင်းပါးကို ဖတ်လိုက်ရင်တော့ ကိုယ်က ရှင်သန်နေတဲ့ home theater စနစ်ကို နောက်ထပ်ငွေကြေးထပ်မကုန်ဘဲ ရရှိနိုင်မှာပါ။



ကိုယ်က HP mini 311 laptop ၊ ဒါမှမဟုတ် အခြား netbook ၊ PlayStation 3 ၊ ဒါမှမဟုတ် အခြားဂိမ်း console နဲ့ ဒေါ်လာ နှစ်ရာတန် monitor တို့ သုံးပြီး Clicker.tv က TV show တွေကို ကြည့်ရှုပြီး home-office theater တစ်ခု ဖန်တီးနိုင်ပါတယ်။

## အိမ်တွင်းအလုပ်ရုံအတွက် theater

ကိုယ် ကျောင်းစာလုပ်တဲ့နေရာကို ဖျော်ဖြေရေးအတွက် အသုံးပြုချင်တဲ့ ပိုက်ဆံချေတာနေရတဲ့ ကောလိပ်ကျောင်းသား၊ ဒါမှမဟုတ် home theater စနစ်မရှိဘဲ အိမ်တွင်းအလုပ်ခန်းထဲမှာ အလုပ်လုပ်နေတဲ့သူဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒါက ကိုယ့်အတွက် သင့်တော်ကောင်းမွန်တဲ့ TV တစ်လုံး ရှိစရာမလိုဘူးလို့တော့ ဆိုလိုတာမဟုတ်ပါဘူး။ နည်းလမ်း အချို့ စီစဥ်ပေးဖို့ပဲလိုတယ်လို့ဆိုလိုတာပါ။

ပြောချင်တာက ကိုယ့်ရဲ့ laptop က full screen HD video ကို ပြသနိုင်တယ်ဆိုရင် အဲဒီ laptop နဲ့တင် အလုပ်ဖြစ်တယ်ဆိုတာပါပဲ။ အနိမ့်စား netbook တစ်လုံးတောင်မှ HP Mini 311 နဲ့ Asus 1201N တို့လိုမျိုး nVidia Ion chip ပါတယ်ဆိုရင် အလုပ်ဖြစ်ပါတယ်။ HDMI port ရှိရင် ပိုကောင်းတယ်ဆိုပေမယ့် display က စာသင်ခန်း၊ အစည်းအဝေးခန်းတွေမှာ မှတ်စုယူဖို့ အဆင်ပြေကောင်းမွန်ပေမယ့် ဒီလိုသေးငယ်တဲ့ screen ကနေ class reading တွေ presentation တွေကို ကောင်းကောင်း လုပ်ဆောင်နိုင်မယ်လို့ မျှော်လင့်ထားလို့ မရပါဘူး။ ဒါကြောင့် အပို monitor တစ်လုံးဝယ်ဖို့ စဉ်းစားပါ။

နာမည်ရှိတဲ့ ၂၂ လက်မ display တစ်ခုကို ဒေါ်လာ ၁၆၀ လောက်၊ ဒါမှမဟုတ် ၂၄ လက်မကို ဒေါ်လာ ၂၀၀ လောက်နဲ့ ရနိုင်ပါတယ်။ ကိုယ်က အလုပ်အတွက်ရော၊ ဖျော်ဖြေရေးအတွက်ရော သုံးမှာဆိုတော့ 16:9 aspect ratio ကို ဝယ်ပါ။ (16:10 ကလည်း အလုပ်ဖြစ်ပါတယ်။) ဒါဆိုရင် ကိုယ့်ရုပ်ရှင်တွေ ကြည့်တဲ့အခါ ဆွဲဆန့်ထားသလို၊ ကျဉ်းသွားသလိုမျိုးတွေဖြစ်မှာ မဟုတ်တော့ပါဘူး။

ကိုယ့်ရဲ့ အလုပ်ခန်းထဲက display ကို ပုံမှန် ဧည့်ခန်းမှာကြည့်တဲ့ အကွာအဝေးထက်ပိုပြီး နီးနီးကြည့်မှာဖြစ်တဲ့အတွက် ထောင့်ဖြတ် ၃၂ လက်မထက်ပိုကြီးသွားရင် ကြည့်ရတာ အဆင်မပြေဖြစ်နိုင်ပါတယ်။ အသံပိုင်းအတွက်ကတော့ ချွေတာလို့ရပါတယ်။ နာမည်သိပ်မရှိတဲ့ ဒေါ်လာ ၂၀ တန် speaker တွေကလည်း ကိုယ့်ရဲ့ display ၊ ဒါမှမဟုတ် laptop က အသံအရည်အသွေးထက် ပိုကောင်းအောင် ဆောင်ရွက်ပေးနိုင်မှာပါ။ ကိုယ့်ရဲ့ကျောင်း၊ ဒါမှမဟုတ် အလုပ်က speaker အဟောင်းတွေကိုတောင် သုံးလို့ရပါတယ်။

Cable TV ဝန်ဆောင်မှုမရှိဘူးဆိုရင်လည်း စိုးရိမ်စရာမလိုပါဘူး။ ကိုယ့်ရဲ့ broadband connection ကို အသုံးပြုပြီး Clicker.tv က TV show တွေ အားလုံးကို stream လုပ်နိုင်သလို download လုပ်လို့ရပါတယ်။ အခမဲ့ TV အကြံပြုချက်တွေအတွက်တော့ Cable Cutter ကို ဖတ်ရှုစေချင်ပါတယ်။ Netflix ကိုလည်း subscribe လုပ်နိုင်ပါတယ်။ တစ်လ ၇ ဒေါ်လာဆိုတာ internet play feature တစ်ခုတည်းနဲ့တင် တန်နေပါပြီ။

နောက်ဆုံးအနေနဲ့ ကိုယ့်ရဲ့ game console ကိုသုံးပါ။ Xbox 360 ပဲဖြစ်ဖြစ်၊ PlayStation 3 ပဲဖြစ်ဖြစ် Nintendo Wii သုံးတာပဲဖြစ်ဖြစ် ကိုယ့်ရဲ့ computer မှာ optical drive မပါရင် DVD player အနေနဲ့ သုံးလို့ရပါတယ်။ PlayStation 3 ဆိုရင် bluray player အနေနဲ့ပါ သုံးနိုင်ပါတယ်။

## အစကနေ စဆင်မယ်

Home theater equipment တွေက ကြီးမားပြီး ကရိကထများပါတယ်။ ကိုယ်က မြို့တစ်မြို့ကို ပြောင်းတော့မယ်ဆိုရင် TV ကို သယ်သွားနိုင်ချင်မှ သယ်သွားနိုင်မှာပါ။ သင့်တော်တဲ့ အပိုင်းတွေနဲ့ home theater စနစ်တစ်ခုကို ဈေးသက်သက်သာသာနဲ့ ဆင်နိုင်တာကြောင့် cable TV ကို လွှတ်သွားမှာ စိုးရိမ်စရာမလိုတော့ပါဘူး။

အရင်နှစ်က modle ထဲက HDTV ကိုဝယ်ပြီး အကုန်အကျလျှော့လို့ရပါတယ်။ ဥပမာ– ပြီးခဲ့တဲ့နှစ်က ဒေါ်လာ ၁,၀၀၀ ရှိတဲ့ Vizio VT 420M ကို အခု ဒေါ်လာ ၆၅၀ လောက်နဲ့

## Hard-core gaming home theater



၄၂ လက်မအရွယ် Vizio VT 420M LCD HDTV နဲ့ Roku XD ၊ ဒါမှမဟုတ် XDs set top box ကိုတွဲပြီး media တွေကို stream လုပ်လို့ရပြီး Panasonic ရဲ့ DMP-BD60K bluray player က home theater setup အဖြစ် အသုံးပြုလို့ရပါတယ်။

ကိုယ့်မှာ game platform တစ်ခုရှိပြီးသားလို့ ယူဆထားလိုက်ပါ။ Gamer တွေအတွက်က mainstream HDTV သုံးစွဲသူတွေနဲ့ ဦးစားပေးတွေ တူမှာမဟုတ်ပါဘူး။ တကယ်တော့ ရုပ်ရှင်တွေအားကစားတွေ ကြည့်လို့ ပိုကောင်းအောင် TV ထုတ်လုပ်သူတွေ ထည့်ပေးတတ်တဲ့ post processing feaure က ကိုယ့်ရဲ့ gaming experience ကို အနှောင့်အယှက် ဖြစ်စေနိုင်ပါတယ်။ ဒါက ဘာကြောင့်လဲဆိုရင် post processing က TV image တွေကို အနည်းငယ်နောက်ကျစေလို့ပါပဲ။ ဒါက ကိုယ့်ရဲ့ game အတွက် 30-bit combo ကို နစ်နာသွားစေဖို့ လုံလောက်ပါတယ်။

Gaming အတွက် Sharp Aqua LC 40D68UT (ဒေါ်လာ ၆၅၀)က သင့်တော်တယ်လို့ သိရပါတယ်။ ဒါပေမဲ့ ဘာ TV ဝယ်ဝယ် အရင်စမ်းသပ်ပြီးမှ ဝယ်ပါ။ တကယ်လို့ ကိုယ့်ရဲ့ အလုပ်စားပွဲမှာပဲ game ဆော့မယ်ဆိုရင် ၂၃ လက်မ ASUS VH236H LCD monitor (ဒေါ်လာ ၁၉၀)ကို သုံးပါ။ ဒီ model က lag-free ဖြစ်ပြီး သယ်ယူရလွယ်တဲ့အပြင် built-in speaker တွေပါလို့ professional game ပြိုင်ပွဲတွေမှာ လူသိများပါတယ်။

ကိုယ့်ရဲ့ speaker က ဘယ်လောက် ကောင်းကောင်း ကောင်းမွန်တဲ့ headset/microphone combo ကိုတော့ ယှဉ်နိုင်မှာ မဟုတ်ပါဘူး။ အများစုကတော့ ဒေါ်လာ ၁၆၀ တန် Creative Sound-Blaster World of Warcraft ကြိုးမဲ့ နားကြပ်ကို နှစ်သက်ကြပါတယ်။

ရနိုင်ပါပြီ။ VT 420M မှာ ကောင်းမွန်တဲ့ speaker စနစ်နဲ့ နားကြပ်ပေါက် ပါတာကြောင့် ဈေးပေါတဲ့ PC speaker နဲ့ တွဲသုံးပြီး ပိုက်ဆံချွေတာလို့ရပါတယ်။ ကိုယ့်အိပ်ခန်းရဲ့ အလယ်မှာ desktop PC ကြီးရောက်နေတာလောက် အရုပ်ဆိုးတာမရှိတဲ့အတွက် Panasonic DMP-BD60K bluray player (၁၀၅ ဒေါ်လာ)၊ Western Digital WD-TV Live Plus (ဒေါ်လာ ၁၃၀)၊ ဒါမှမဟုတ် Roku XD (ဒေါ်လာ ၈၀)၊ ဒါမှမဟုတ် XDS (ဒေါ်လာ ၁၀၀) တို့ကို အသုံးပြုပါ။

Bluray player နဲ့ set-top box တွေသုံးပြီး internet ၊ PC ရဲ့ media library နဲ့ bluray release အသစ်တွေကနေ HD content တွေ အများကြီးရနိုင်တာမို့ cable TV စကို မေ့ထားလိုက်လို့ရပါတယ်။



ASUS VH236H LCD monitor နဲ့ ကြိုးမဲ့ Creative SoundBlaster headset နဲ့ဆိုရင် ကိုယ့်အတွက် gaming platform တစ်ခု ပြည့်စုံသွားပါပြီ

အခု game station ကို ဆင်ပြီးသွားပါပြီ။ ဆော့ဖို့ တစ်ခုပဲ လိုပါတော့တယ်။ ကံကောင်းတာက ကိုယ့်ရဲ့ computer မှာ ကစားဖို့ gaming peripheral တွေထပ်ဝယ်ဖို့ မလိုတော့ပါတာပါပဲ။ ကိုယ်က keyboard ကို အသုံးပြုသူလား။ ဒါဆိုရင် game အတွက် ကြိုးမဲ့ keyboard နဲ့ mouse ကို အသုံးပြုတဲ့နေရာမှာ သတိထားပါ။ ကြိုးမဲ့ ကိရိယာတွေရဲ့ နောက်ကျမှုက ကိုယ့်ရဲ့ game ရမှတ်တွေကို ထိခိုက်စေနိုင်ပါတယ်။ ဒါကြောင့် ကြိုးမဲ့သုံးမယ်ဆိုရင် မဝယ်ခင်မှာ စမ်းသပ်ကြည့်ဖို့ အကြံပေးချင်ပါတယ်။ ■

RICK BROIDA'S HASSLE-FREE PC

# Inboxကို link ပို့ခြင်း၊ maximized လုပ်ပြီးဖွင့်ခြင်းနဲ့ web shortcut တွေ ဖန်တီးခြင်း

ကြုံတွေ့နေကျ ပြဿနာလေးတစ်ခု ရှိပါတယ်။ အဲဒါကတော့ ကိုယ်က webpage တစ်ခုကို ဖွင့်မိပြီး ဖတ်ကြည့်ချင်ပါတယ်။ ဒါပေမဲ့ အခုလောလောဆယ် အချိန်မရသေးတဲ့အတွက် bookmark လုပ်ထားလိုက်ပါတယ်။ ဒါကို ကြည့်မိဖို့ ဘယ်လောက်ကြာမှ သတိရမှာပါလဲ။

ပိုကောင်းတဲ့နည်းလမ်းကတော့ အဲဒီ page ရဲ့ link ကို ကိုယ့် email ထဲ ပို့ထားလိုက်တာပါပဲ။ Enter Notes for Later *(find.pcworld.com/70979)* က ဒါမျိုးလုပ်ပေးနိုင်တဲ့ bookmarklet တစ်ခုပါပဲ။ ကိုယ် sign up (email လိပ်စာရိုက်ရုံပါပဲ) လုပ်ပြီးတဲ့အခါတော့ comfirmation email link ကို နှိပ်ဖို့လိုပါလိမ့်မယ်။ အဲဒါဆိုရင်တော့ ကိုယ့် browser ရဲ့ favorite ထဲကို ထည့်နိုင်တဲ့ Notes for Later bookmarklet ၂ ခုကို ရရှိမှာပါ။ သူတို့ကို Make Note 1 နဲ့ Make Note 2 လို့ ခေါ်ပါတယ်။

Make Note 1 က လက်ရှိကြည့်နေတဲ့ site ရဲ့ link ကို ပို့ပေးပါတယ်။ ဒါ့ပြင် နေ့စွဲနဲ့ အချိန်အပြင် highlight လုပ်ထားတဲ့စာတွေကိုပါ ပို့ပေးနိုင်ပါတယ်။ Make Note 2 က အလားတူလုပ်ပေးနိုင်တဲ့အပြင် note တွေ ထည့်ပေးနိုင်တဲ့ pops up တစ်ခု ပါဝင်ပါတယ်။ Make note 1 ကတော့ ဘာမှ ထပ်လုပ်ဖို့မလိုတဲ့အတွက် ပိုအဆင်ပြေပါတယ်။ Click လုပ်ပြီး အလုပ်ဆက်လုပ်ရုံပါပဲ။ ဒီ ၂ ခုစလုံးကို ပုံမှန်အားဖြင့် မမြင်နိုင်ပါဘူး။




**ကိုယ်က windows ကို ဘယ် program တွေကို maximized အနေနဲ့ ဖွင့်မယ်ဆိုတာ ညွှန်ကြားထားလို့ ရပါတယ်။**

page ကို refresh မလုပ်သလို screen ကိုလည်း flash မလုပ်ပါဘူး။

## Program ကို maximized လုပ်ပြီးဖွင့်ခြင်း

စာဖတ်သူ G.Michael က Internet Explore နဲ့ တခြား program တွေ ပွင့်လာတဲ့အခါ screen ပြည့် window အနေနဲ့ ပွင့်မလာပါဘူး။ သူလိုချင်တာက program တွေ maximized အနေနဲ့ ပွင့်လာတာကိုပါ။ ဒီလို promgram တွေကို maximized အနေနဲ့ ပွင့်ချင်ရင် လွယ်ကူတဲ့နည်းလမ်းရှိပါတယ်။

1. Program shortcut ပေါ်ကို right-click နှိပ်ပြီး properties ကို ရွေးပါ။ တကယ်လို့ windows 7 ကို အသုံးပြု နေတာဖြစ်ပြီး shortcut က tasbar ပေါ်မှာ ရှိနေတာဆိုရင်တော့ schortcut ပေါ် right-click နှိပ် အဲ့ဒီထဲကမှ program ရဲ့အမည်ပေါ်ကို right-click ထပ်နှိပ်ပြီး properties ကို ရွေးပေးရမှာပါ။
2. Properties ပွင့်လာတဲ့အခါ run ဘေးနားက drop-down menu ထဲက maximized ကို ရွေးပါ။
3. OK နှိပ်ပြီးသွားရင်တော့ ပြီးစီးသွားပါပြီ။

Progrma shortcut ဆိုတာက program တစ်ခုကို run ဖို့ နှိပ်ရတဲ့သက်ဆိုင်ရာ icon လေးတွေဖြစ်ပြီး start menu ၊ desktop နဲ့ windows taskbar တွေပေါ်မှာ ရှိနေပါတယ်။

## Desktop ပေါ်မှာ web shortcut များတင်ခြင်း

စာဖတ်သူတစ်ယောက်က ကြည့်နေကျ site တွေရဲ့ နာမည်ကို ရိုက်ထည့်စရာမလိုအောင် desktop ပေါ်မှာ shortcut ထားလို့ရပါသလားဆိုပြီး မေးဖူးပါတယ်။




Windows က internet addness တွေနဲ့ program တွေ၊ file တွေ၊ folder တွေနဲ့ အခြား computer တွေအတွက် shortcut ဖန်တီးနိုင်ပါတယ်။

Browser ကို ဖွင့်လိုက်တိုင်း *(www.pcworld.com)* စသဖြင့် manually ရိုက်တာကို ပြောတာမဟုတ်ဘူးလို့ ထင်ပါတယ်။ ဘာလို့လဲဆိုတော့ web browser တိုင်းက ကိုယ့်ရဲ့ favorite တွေ ထည့်ထားသတ်မှတ်ထားလို့ရတဲ့အတွက် URL တွေကို manually ရိုက်စရာမလိုလို့ပါပဲ။ Site ၊ ဒါမှမဟုတ် page ပေါ်ကို click နှိပ်လိုက်ရုံပါပဲ။

ဒါမှမဟုတ် ကိုယ်က desktop shortcut အတွက် ရှာနေတာဆိုရင်လည်း ပြဿနာမရှိပါဘူး။ ဒါက windows မှာ လုပ်ဖို့ လွယ်ပါတယ်။

1. ကိုယ် desktop ပေါ်က နေရာလွတ်ပေါ်မှာ right click လုပ်ပြီး New > shortcut ကိုရွေးပါ။
2. ကိုယ်လိုချင်တဲ့ site ရဲ့ လိပ်စာကို ရိုက်ထည့်ပြီး next ကို နှိပ်ပါ။ (http:// ကို မထည့်လည်းရပါတယ်။)
3. Shortcut အတွက် အမည်ပေးပြီး finish ကို နှိပ်ပါ။

ကိုယ်က shortcut ပေါ်မှာ double click လုပ်ပြီးရင် အဲ့ဒီ site က web browser ထဲမှာ ပွင့်လာပါလိမ့်မယ်။ စိတ်ဝင်စားစရာတစ်ခုက လာမယ့် Internet Explorer 9 က web favorite တွေကို taskbar ပေါ်မှာ ထားပေးနိုင်စေမယ်လို့ ဆိုပါတယ်။ ဒါဆို click တစ်ချက်နှိပ်ရုံပဲ ဖြစ်မှာပါ။ ■

## ANSWER LINE

### OpenOffice file တွေထဲက တချို့က Microsoft Office နဲ့ မြဲတမ်းပွင့် မလာတာ ဘာကြောင့်ပါလဲ

အခမဲ့ open office productivity suite က လူသုံးများတဲ့ Microsoft Office နဲ့ သဟဇာတဖြစ်ပါတယ်။ ဘာနဲ့ တွဲဖက်လုပ်ဆောင်မယ်ဆိုတာ နားလည်ထားရင် အကောင်းဆုံးပါပဲ။ ဥပမာ အနေနဲ့ word processing file နဲ့ ပြပါမယ်။ အခြား office format တွေနဲ့ အခြေခံလုပ်ဆောင်ချက်တွေ ကတော့ အတူတူပါပဲ။ ကိုယ်က document တစ်ခု ကို သိမ်းတဲ့အခါ open office က default အနေနဲ့ .odf format အနေနဲ့ သိမ်းပါတယ်။ Microsoft က Office 2007 SP2 မှာ .odf အတွက် support လုပ်ထားပါတယ်။ တကယ်လို့ ကိုယ်နဲ့ file share လုပ်တဲ့ဆီမှာ Office 2007 အဟောင်းသုံးတာ ဆိုရင်တော့ update လုပ်ဖို့လိုပါလိမ့်မယ်။




OpenOffice အသုံးပြုတဲ့အခါ အခြားသူတွေ အလွယ်တကူ ဖွင့်နိုင်အောင် .doc format အနေနဲ့ defaut save အောင် လုပ်ထားလို့ ရပါတယ်။

ဒါကြောင့်ကိုယ်က document တွေကို share လုပ်တဲ့နေရာမှာ စိုးရိမ်မှုရှိရင် Microsoft Office ရဲ့ .doc ကိုပဲအသုံးပြုပါ။ OpenOffice က .docx ကို မဖွင့်နိုင်သေးပါဘူး။ ဒါကြောင့် .doc format ကို သုံးတာက ပိုအဆင်ပြေပါတယ်။

OpenOffice ရဲ့ default format ကို ပြောင်းလဲဖို့ Tools options ကို ရွေးပြီး ညာဘက်ခြမ်းက load / save section အောက်က general ကိုရွေးပါ၊ dialog box ရဲ့ အောက်ပိုင်းမှာ always save as ဆိုတာကို ဖွင့်ပြီး ရွေးချယ်နိုင်ပါတယ်။ ■

အောင်မြင့်နိုင်